# Highlights from DVB Debate's Return IDPs' Show

## October 22, 2016

## "When can IDPs' go home?"

"စစ်ပြေးဒုက္ခသည်တွေဟာ အိမ်ပြန်ရနိုးနိုး စောင့်မျှော်နေခဲ့တာကြာပြီ။ ၂၀၁၃ လောက်မှာ စစ်ပြေးဒုက္ခသည်တွေ အရေးဆွေးနွေးတယ်၊ နောက် အန်စီအေစာချုပ်တွေ ဆွေးနွေးကြတယ်၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေလုပ်လာတော့ သူတို့ အိမ်ပြန်ရတော့မယ်ဆိုပြီး မျှော်လင့်လာခဲ့တာ။ နေရပ်ပြန်ရေးဟာ သူတို့ရဲ့ အပြင်းပြဆုံးဆန္ဒ"

ဦးဂွမ်ရှာအောင် - အတွင်းရေးမှူး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး ပူးပေါင်းလုပ်ငန်းစဉ်အဖွဲ့

---

"စစ်ပြေးရှောင်ပြည်သူတွေ ဂုဏ်သိက္ခာရှိရှိ နေရပ်ပြန်နိုင်ရေး လုပ်ရမယ်၊ မိုင်းရှင်းလင်းတွေ လုပ်ရမယ်။ သူတို့အိမ်တွေမရှိတော့ဘူး အိမ်ပြန်ဆောက်ပေးရမယ်. သူတို့တွေ အိမ်ပြန်ရောက်သွားပြီးရင်တောင် အနည်းဆုံး ၆ လလောက် ဆက်ထောက်ပံ့ပေးရမယ်။ လုပ်ကိုင်စားသောက်ဖို့ ကျွဲ၊ နွားတွေလည်း မရှိတော့ဘူး ဒါတွေပြန်လုပ်ပေးဖို့ရော ဒါတွေ အကုန်လုံး အစိုးရနဲ့ ကေအိုင်အိုညှိနှိုင်းနေတဲ့ အထဲမှာ ပါပါတယ်။"

ဦးလမိုင်ဂွမ်ရှာ - ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့

---

"ဒီ နှစ်ဆန်းပိုင်းကစပြီး ထောက်ပံ့မှုသိသိသာသာလျော့သွားတယ်။ အလှူရှင်တွေက ဆန်၊ ဆီ မပေးတော့ဘဲ ငွေထောက်ပံ့လာတယ် ဒါပေမယ့် ကုန်ဈေးနှုန်းတက်လာတဲ့အခါမှာ ပိုက်ဆံတန်ဖိုးက ကျပါတယ်။ ဒုက္ခသည်တွေမှာ စိတ်ပိုင်းဆိုင်ရာအားဖြင့်လည်း အနာဂတ်မဲ့သလို ခံစားလာရပြီး စိတ်ဓာတ်ကျလာကြတယ်"

ဦးစောနွဲ့မင်းအောင် - ဒုတိယတာဝန်ခံ၊ နမ့်ကျိုပရဟိတဖောင်ဒေးရှင်း

---

"လက်ရှိအနေအထားမှာ ဒုက္ခသည်တွေအနေနဲ့ အစိုးရထိန်းချုပ်ထားတဲ့ ဧရိယာထဲမှာတင် ရိက္ခာထောက်ပံ့မှုဖြတ်တောက်ခံထားရတယ်။"

ဦးဂွမ်ရှာအောင် - အတွင်းရေးမှူး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး ပူးပေါင်းလုပ်ငန်းစဉ်အဖွဲ့

---

"လက်ရှိအာဏာရပါတီအနေနဲ့ဆိုလည်း mandate က အပြည့်အဝမရသေးဘူးဖြစ်နေတယ်။ စစ်ပြေးရှောင်ဒုက္ခသည်တွေအရေး လုပ်နေပေမယ့် ဥပဒေတွေက တင်သွင်းနေရဆဲဖြစ်နေတယ်။ ပြည်နယ်ထဲက ပြည်သူတွေကလည်း ပြည်နယ်အစိုးရကို စစ်ပြေးဒုက္ခသည်တွေ အရေးလုပ်လာအောင် ဖိအားပေးရမယ်"

ဦးချို (ခ) ဦးခင်မောင်မြင့် - အမျိုးသားလွှတ်တော်အမတ်

---

"သမီးက ၂၀၁၃ လောက်က ဒုက္ခသည်အနေနဲ့ ရောက်လာပါတယ်။ သမီး ၁၀ တန်းသာအောင်သွားပြီ၊ IDPs တွေရဲ့ ပညာရေးကတော့ အမှောင်ကျနေဆဲပါ။ သမီးဆို ဒေ့လမ်းညွှန်လုပ်ဖို့ ဝါသနာပါတယ်. ဒါပေမယ့် ဘယ်ကစ ဘာလုပ်ရမှန်းမသိပါဘူး၊ အင်္ဂလိပ်စာလည်း ဘယ်လိုလုပ်ရမယ် မသိဘူး"

မနူးနူးပန် - စစ်ပြေးရှောင်ကလေးငယ်တဦး

---

"စစ်တပ်အကြီးအကဲတွေရဲ့ သယံဇာတထိုးစစ်တွေကို ရပ်ဖို့လိုတယ်။ တပ်တွေရှိနေသရွေ့ စစ်ပြေးရှောင်လူထုကလည်း အိမ်ပြန်ရဲမှာ မဟုတ်ပါဘူး"

စတီဗင်နော်တောင် - ကချင်အမျိုးသားဖွံ့ဖြိုးရေးကွန်ရက်

---

"လက်နက်ကိုင် နှစ်ဖက်စလုံး ဘာကြောင့် စစ်ပွဲတွေဆက်ဖြစ်နေသေးလဲဆိုတာ အပြန်အလှန်သုံးသပ်ဖို့ အရေးကြီးတယ်။ သူတို့တွေ အပြန်အလှန်သုံးသပ်ကြပြီး အဖြေရှာနိုင်မှ စစ်ဘေးရှောင်ပြည်သူတွေ အိမ်ပြန်ရောက်နိုင်မယ်"

စိုင်းအောင်မျိုး - ရှမ်းနီလူငယ်အဖွဲ့

---

"ပြည်နယ်အစိုးရမှာ စစ်ပြေးရှောင်တွေနဲ့ပတ်သက်လို့ mandate မရှိဘူးဆိုတာက ကျနော်တို့တွေအတွက် စိတ်ပျက်စရာပါပဲ။ IDPs တွေ ရိက္ခာဖြတ်တောက်တာဟာ လူ့အခွင့်အရေးကို ချိုးဖောက်တာပဲဖြစ်တယ်။ သူတို့တွေရဲ့ အသက်ရှင်နေထိုင်ခွင့်ကို ချိုးဖောက်တာဖြစ်တယ်"

ဦးအောင်လတ် - ဟူးကောင်းဒုက္ခသည်စခန်းအကူအညီပေးသူ

---

"၆ လတခါ နိုင်ငံရေးဆွေးနွေးကြတော့ စစ်ပြေးဒုက္ခသည်တွေမှာ မျှော်လင့်ချက်တွေနဲ့ နေနေပြီးမှ လေယာဉ်ကြီးတွေနဲ့ စစ်အရှိန်မြင့်လာနေပြန်တော့ ကျမတို့တွေ အိမ်ပြန်ဖို့က တအား ဝေးသွားပြီ။ ထိုးစစ်ဆင်တာတွေကို ရပ်တန့်အောင်လုပ်နိုင်တဲ့ အကြီးအကဲမြန်မာနိုင်ငံမှာ မရှိတော့ဘူးလား"

ဒေါ်ရွှယ်ဆိုင်း - စစ်ပြေးရှောင်ဒုက္ခသည်စခန်း တာဝန်ခံတဦး

---

“IDPs တွေ အရေး တာဝန်အရှိဆုံးက အစိုးရ၊ တာဝန်အရှိဆုံးပုဂ္ဂိုလ်တွေက တာဝန်အမဲ့ဆုံးဖြစ်နေတယ်။ UNHCR က ပေးတဲ့ တလ ၄ သိန်း ၂ သောင်းနဲ့ပဲ အသက်ဆက်နေရတာ ကျမတို့ စခန်းတွေ”

ဒေါ်ရွှယ်ဂျာ - ဂျန်မိုင်းကောင်း စိန်ပေါလ်စစ်ရှောင်စခန်း